

# အခြေခံလူတန်းစား၏ဒီမိုကရေစီ – ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား သုံးသပ်ခြင်း

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလုပ်ရှားဆောင်ရွက်မှုကော်မတီနှင့် ရှေ့ပြေးအသံအဖွဲ့ တို့မှ ပူးတွဲတင်ပြသည်။

# မာတိကာ


**နောက်ခံအခြေအနေ** ၂

**လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ၏ တိုက်တွန်းလှုပ်ရှားမှုနှင့် အသုံးပြုသည့်နည်းလမ်း** ၃

**ဥပဒေပြင်ဆင်ခြင်း** ၅

- လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် ၅
- ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းများ ၆
- ကိုယ်စားလှယ်လောင်းများ၏ အရည်အသွေး သတ်မှတ်ချက် ၈
- တာဝန်ယူမှု၊ တာဝန်ခံမှု ၉

**ပိုမိုကျယ်ပြန့်သော ယန္တရားဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ သက်ရောက်မှုများ** ၉

**နိဂုံး** ၁၁

**အကြံပြုတိုက်တွန်းချက်များ** ၁၂



ဤစာတမ်းဖြစ်မြောက်ရေးအတွက် ရက်ရောစွာ ပံ့ပိုးကူညီပေးပါသော Swedish Burma Committee (SBC) အား ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ (ACDD) နှင့် ရှေ့ပြေးအသံအဖွဲ့ (PV) တို့က ကျေးဇူးအထူးတင်ရှိပါသည်။

# အခြေခံလူတန်းစား၏ဒီမိုကရေစီ – ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား သုံးသပ်ခြင်း

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်၌ ပြဋ္ဌာန်းအတည်ပြုခဲ့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေသည် ယခင် ကိုလိုနီခေတ်ကာလ ဒေသန္တရအုပ်ချုပ်ရေးဥပဒေမှ ဆင်းသက်လာသော၊ ရှင်းလင်းမှု မရှိသည့် စည်းမျဉ်းများနှင့် အာဏာပိုင်ဆန်ဆန် အုပ်ချုပ်ဆောင်ရွက်မှုများဖြင့် ကျပန်းဆန်ဆန် ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည့် ဥပဒေတစ်ရပ် ဖြစ်သည်။ အဆိုပါဥပဒေအပေါ် တတိယကြိမ်မြောက် တိုးတက်ပြင်ဆင်ချက်များ ပြုလုပ်ခဲ့သော်လည်း လူထုပါဝင်မှုရှိသော အုပ်ချုပ်ရေးစနစ်၊ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတစ်ခု၏ အခြေခံမှုများနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများကို ပျက်ပြယ်စေသည့် ပြဿနာအရင်းခံကဏ္ဍများ ဆက်လက်ပါဝင်နေပါသည်။ ထို့အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ခန့်အပ်ရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ကြီးကြပ်ရသော တပ်မတော်မှ ထိန်းချုပ်ထားသည့် ပြည်ထဲရေးဝန်ကြီးဌာနအတွက်လည်း ၎င်းဥပဒေသည် အာဏာကြီးမားသော အုပ်ချုပ်ရေးကဏ္ဍကို ထိန်းချုပ်ထားသည့် လက်နက်ကရိယာတစ်ရပ် ဖြစ်နေပေသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေသည် ရပ်ရွာလူထု အသိုင်းအဝန်းနှင့် နိုင်ငံတော် အကြား အဓိက ဆက်သွယ်ပေးနေသောအရာ ဖြစ်သည်နှင့်အညီ ဒေသန္တရဖွံ့ဖြိုးရေးအတွက်လည်း စီမံအုပ်ချုပ်မှုအရ အောက်ခြေ အကျဆုံးဖြစ်နေကာ ပြည်သူလူထု၏ အကျိုးစီးပွားကို ကိုယ်စားပြုပေးရမည်ဖြစ်သည့် အလျောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲများသည်လည်း အရေးကြီးလာရပါသည်။ ထိုဒေသန္တရ ရွေးချယ်ပွဲများသည် သာမန်နိုင်ငံသားများအတွက် ၎င်းတို့၏ ဒီမိုကရေစီအခွင့်အရေးများကို လက်တွေ့ ကျင့်သုံး နိုင်သည့် နည်းလမ်းများထဲမှ တစ်ခု အပါအဝင်ဖြစ်ပြီး ဒေသန္တရအဆင့်တွင် ဒီမိုကရေစီဖွံ့ဖြိုးမှု၊ တက်ကြွသော နိုင်ငံသားအဖြစ်ရရှိမှုနှင့် ကောင်းမွန်သော အစိုးရအုပ်ချုပ်မှုရရှိရေးအတွက်ပါ အရေးကြီးသည်နှင့်အမျှ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအတွက် လက်လွတ် အဆုံးရှုံး မခံနိုင်သော အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်နေပေသည်။

ပြီးခဲ့သည့် ဥပဒေအား အနည်းငယ် ပိုမိုတိုးတက်အောင်လုပ်သည်မှအပ နောက်ထပ် ပြင်ဆင်မှုများ မပြုလုပ်ပါက အန္တရာယ်များ ဆက်ရှိနေသေးကာ အုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲများအတွက် ဥပဒေမှ တာဝန် ပေးထားမှုများသည်လည်း ရှင်းလင်းပြတ်သားမှု မရှိလှသော ဗျူရိုကရေစီ ဆောင်ရွက်မှုများ ပုံစံထက် မပိုချေ။ အဆိုးဆုံးမှာ အမျိုးသမီးများ၊ လူငယ်များ၊ အခြားဖယ်ကျဉ်ခံ လူနည်းစုများ၏ မဲပေးခွင့်ကို ကန့်သတ်ထားခြင်းဖြင့် ပြည်သူ၏အသံကို အပြည့်အဝ ဖော်ထုတ် ရောင်ပြန်ဟပ်နိုင်ခွင့်ကို မရရှိစေသောကြောင့် ဒေသန္တရအဆင့် ဒီမိုကရေစီ ကျင့်သုံးမှုမှာ အပေါ်ယံ အလုပြ လုပ်ဆောင်နေသည့်ပုံစံအဖြစ် ဤရွေးကောက်ပွဲများက ဖြစ်ပေါ်စေနိုင်ခြင်းဖြစ်သည်။

လူထုအခြေပြု အရပ်ဘက်လူထုအဖွဲ့အစည်းများအနေဖြင့် ဤဥပဒေကို ပြင်ဆင်မှုများပြုလုပ်ပေးရန် တိုက်တွန်းနေစဉ်မှာပင် အချို့သော အခန်းများကို ပြင်ဆင်ခဲ့သော်လည်း ထပ်မံ ပြင်ဆင်စရာ များစွာ ရှိနေသေးပေသည်။ အောက်ခြေ လူထုအဆင့်တွင် ဒီမိုကရေစီဖြစ်စဉ်ကို အခြေတည်နိုင်ရန်ဖြစ်စေမည့် ဒေသန္တရ အခြေခံ ဒီမိုကရေစီ၊ လူထုပါဝင်မှုနှင့် မဲပေးခွင့် တန်းတူညီမျှမှုကို မြှင့်တင်ပေးရန်အလို့ငှာ ဤအကျဉ်းချုပ်စာတမ်းတွင် ညွှန်းပြ လမ်းကြောင်းပေးထားသကဲ့သို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၏ ပြဿနာ ရှိနေသော ပုဒ်မများကို ပြန်လှန်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများကို လွှတ်တော်အနေဖြင့် မဖြစ်မနေ ဆက်လက်၍ ပြုလုပ်နေရန် လိုအပ်ပါသည်။

## နောက်ခံအခြေအနေ

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေသည်[1] မြန်မာနိုင်ငံ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ရွေးချယ် တင်မြှောက်ခြင်း လုပ်ထုံးလုပ်နည်းများ အပါအဝင် ၁၆၇၀၀ ကျော် အရေအတွက်ရှိသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများကို အုပ်ချုပ်ခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်းတို့အတွက် လုပ်ပိုင်ခွင့်များ ပေးပါသည်။ ထိုဥပဒေသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ဆောင်ရွက်ရန် လုပ်ငန်းများနှင့် တာဝန်များကို အသေးစိတ်ဖော်ပြထားပြီး ထိုဥပဒေ၏ ထက်ဝက်ကျော်ခန့်မှာ ညအိပ် ဧည့်သည် မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြည့်ခြင်း အပါအဝင် လုံခြုံရေးနှင့်ဆိုင်သော ကိစ္စရပ်များဖြစ်သည်။ အခြား တာဝန်များတွင် မွေး/သေစာရင်း မှတ်တမ်းတင်ခြင်း၊ လူထုကျန်းမာရေးနှင့်ဆိုင်သော ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ လူထုအခမ်းအနားများအတွက် ခွင့်ပြုချက်တောင်းခံလွှာများကို အကျိုးဆောင်ပေးခြင်းတို့ ပါဝင်ပါသည်။[2] ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် ဒေသန္တရအဆင့် အစိုးရအုပ်ချုပ်မှု နှင့် မြေယာစီမံခန့်ခွဲခြင်း၊ အခွန်ကောက်ခြင်း၊ အသေးစားချေးငွေစီမံချက်များ၊ အငြင်းပွားမှု ဖြေရှင်းခြင်း၊ မွေးမြူရေးခြံပိုင်ဆိုင်မှုတို့ အပါအဝင် စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးစီမံချက်များနှင့် လူမှုရေးဆိုင်ရာ ကိစ္စများ စီမံဆောင်ရွက်ရာတွင် အလွန်တရာ အရေးပါလှပါသည်။ သို့ဖြစ်၍ ထိုသူတို့သည် ဒေသန္တရအဆင့်ရှိ ပြည်သူလူထုဘဝများ၏ နိစ္စဓူဝ ကိစ္စရပ်များတွင် အရေးပါ ထင်ရှားသော အခန်းနေရာမှ ပါဝင်နေခြင်း ဖြစ်ပေသည်။

ဤဥပဒေသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် အသက်ဝင်လာခြင်းဖြစ်ပြီး ပုဒ်မ ၂၈၉ တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိ ရှိသည့် ပုဂ္ဂိုလ် တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်။"[3] ဟုဖော်ပြထားပါသည်။ ဤဥပဒေအား အကောင်အထည်ဖော်ပြီး အုပ်ချုပ်ပေးရမည့်ဌာနမှာ တပ်မတော်မှ ထိန်းချုပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာန၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပါသည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေသည် ကိုလိုနီခေတ်လက်ထက် မြို့များအက်ဥပဒေ (၁၉၀၇) ခုနှစ်နှင့် ကျေးရွာအက်ဥပဒေ (၁၉၀၇) ကို အစားထိုးထားခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် ဤဥပဒေ ပေါ်ထွက်လာချိန်မှ စပြီး ဧည့်စာရင်း တိုင်ကြားခြင်း၊ အသံချဲ့စက်ကို ခွင့်ပြုမိန့် ရယူခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်း နေထိုင်သူများ၏ မူခင်းဒုစရိုက်များနှင့် စပ်လျဉ်း၍ သတင်းပို့ရန် စသည့် တာဝန်ဝတ္တရားများတွင် ခြိမ်းခြောက်၍ အဓမ္မခိုင်းစေမှုများ ရှိပါက ချမှတ်ရမည့် ထောင်ဒဏ်၊ ငွေဒဏ် ထပ်တိုးခြင်း၊ ရပ်ကွက်

1 The Ward and Village Tract Administration Law, 2012. Available at http://www.altsean.org/Docs/Laws/Ward%20or%20Village-tract%20Administration%20Law.pdf

2 The Ward and Village Tract Administration Law, 2012. Chapter VII

3 2008 Constitution, Article 289.Available at http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf

သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ သက်တမ်းကို ၂ ကြိမ် ကန့်သတ်ခြင်း အပါအဝင် ဥပဒေ ပြင်ဆင်မှုကို (၃) ကြိမ် ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်တွင် ၂၀၁၃ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲများကို (၃) ကြိမ်ကျင်းပပြီး ဖြစ်သည်။

# လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ၏ တိုက်တွန်းလှုပ်ရှားမှုနှင့် အသုံးပြုသည့်နည်းလမ်း

မြောက်မြားစွာသော လူထုအခြေပြု အရပ်ဘက်အဖွဲ့စည်းများအနေဖြင့်[4] ဤဥပဒေ၏ အစိတ်အပိုင်းများကို ပြင်ဆင်ရန် လွှတ်တော်တွင် တိုက်တွန်းနှိုးဆော်နေသကဲ့သို့ အချို့သော အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် ဤဥပဒေအကြောင်းကို ပြည်သူများ ပိုမိုသိမြင် နားလည်လာစေရန်နှင့် မဲပေးသူ ပညာပေးရေး လုပ်ငန်းများကို ထိတွေ့ဆောင်ရွက်နေခဲ့ကြပါသည်။

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ (Action Committee for Democracy Development – ACCD)၊ ပေါင်းကူး (Paungku)၊ ဒါနရှေ့ဆောင်မြန်မာ (Charity Oriented Myanmar)၊ New Myanmar Foundation၊ ညီမျှခြင်းမြန်မာ (Equality Myanmat) နှင့် Community Response Group တို့ ဦးဆောင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပြင်ဆင်ရေး အရပ်ဘက်ပူးပေါင်းအဖွဲ့ (ရပ်ကျေးအရပ်ဘက်ပူးပေါင်းအဖွဲ့) ကို ၂၀၁၆ ခုနှစ် မတ်လတွင် တည်ထောင်ခဲ့ကြပါသည်။[5,6] ၎င်းအဖွဲ့သည် ပြည်သူအား တိုက်တွန်းလှုံ့ဆော်ရန်နှင့် လွှတ်တော်နှစ်ရပ်လုံးတွင် ဥပဒေပြင်ဆင်ရန် ၂၀၁၆ ခုနှစ် တစ်နှစ်လုံး လုပ်ဆောင်ခဲ့ကြပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို သုံးသပ်ရန်အတွက် ရန်ကုန်၊ ပဲခူး၊ ကချင်၊ ကရင်၊ ဧရာဝတီ၊ မကွေး၊ စစ်ကိုင်း၊ ရခိုင်၊ မွန်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရပ်ဘက်အဖွဲ့အစည်း (၃၀) ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ရပ်ကျေး အရပ်ဘက်ပူးပေါင်းအဖွဲ့က ပြုလုပ်ခဲ့ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပြင်ဆင်ရန်အတွက် ဦးစားပေး အကြံပြုချက် (၁၀) ချက်အပါအဝင် တိကျသော ပြင်ဆင်လိုသည့် အချက်များကို ဇယားဖြင့် ဖော်ထုတ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် ထိုအချက်များကို သတင်းစာ ရှင်းလင်းပွဲဖြင့် ပြည်သူများကို တင်ပြပြီးခဲ့ပြီးနောက်တွင်[7] အမျိုးသားလွှတ်တော်က အရပ်ဘက်ပူးပေါင်းအဖွဲ့ကို ဖိတ်ကြားခဲ့ပြီး ပထမဆုံးအကြိမ် လူထုကြားနာပွဲကို ပြုလုပ်နိုင်ခဲ့ကာ ထွက်ရှိလာသည့် အမျိုးသားလွှတ်တော်၏ ဥပဒေပြင်ဆင်ရေးမူကြမ်းထဲတွင်

---

4 Aung Kyaw Min, "CSOs urge amendment of guest registration law," The Myanmar Times, 11 August, 2016. https://www.mmtimes.com/national-news/nay-pyi-taw/20221-civil-society-groups-push-for-local-administration-law-revamp.html

5 This followed on from a larger workshop on Ward or Village Tract Administration Law in January 2016 with 79 participants from 43 organisations, for further, see Susanne Kempel and Aung Tun, "Workshop Report: Myanmar Ward and Village Tract Administrator Elections 2016: An overview of the role, the laws and the procedures," Norwegian People's Aid, 31 January 2016. http://themimu.info/sites/themimu.info/files/documents/Report_Ward_Village_Tract_Administrator_Elections_2016_NPA_Jan2016.pdf

6 In parallel, another coalition of local groups such as Peace and Justice Myanmar, Rainmakers and Hornbill Organizations released a survey on public's opinions on the importance of guest-registration in the Ward or Village Tract Administration Law.

7 Lun Min Mang, "Civil society groups push for amendment to guest registration law," The Myanmar Times, 11 May, 2016. https://www.mmtimes.com/national-news/nay-pyi-taw/20221-civil-society-groups-push-for-local-administration-law-revamp.html

အရပ်ဘက် လူထုအဖွဲ့အစည်းများ၏ အကြံပြု တင်ပြချက်အချို့ ပါဝင်လာသည့်ရလဒ်ကို ရရှိခဲ့ပါသည်။ ထို့အပြင် ရပ်ကျေး အရပ်ဘက်ပူးပေါင်းအဖွဲ့သည် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မကွေး၊ စစ်ကိုင်း၊ မွန်၊ ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရွေးချယ်ခံအမတ်များ၊ စိတ်ပါဝင်စားသော အရပ်ဘက် လူထုအဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလများနှင့် ပညာရှင်များ ပါဝင်စေလျက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၁၃) ခုကို ပြုလုပ်ခဲ့ပါသည်။ ထိုသို့ အောက်ခြေပြည်သူများဖြင့် ဆွေးနွေးပွဲများနှင့် အကြံဉာဏ် ရယူပွဲများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပြင်ဆင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့ နှိုးဆော်တိုက်တွန်းရာတွင် များစွာ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ အလားတူ ပြည်သူ့လွှတ်တော်တွင်လည်း လူထုကြားနာပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ အရပ်ဘက် လူထုအဖွဲ့အစည်း (၇၅) ဖွဲ့မှ လက်မှတ်ထိုး ထောက်ခံထားသော ပြင်ဆင်လိုသည့် ဦးစားပေး အကြံပြုချက် (၁၀) ချက်ကို ရပ်ကျေးအရပ်ဘက် ပူးပေါင်းအဖွဲ့ ကိုယ်စားလှယ် (၃) ဦးက တက်ရောက် တင်ပြခဲ့ပါသည်။ သမ္မတ ဦးထင်ကျော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ တတိယအကြိမ် ပြင်ဆင်ချက်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် အတည်ပြု လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါသည်။

ထိုတတိယအကြိမ် ပြင်ဆင်မှုပြီးသည့် နောက်ပိုင်းတွင် အရပ်ဘက်လူထု အဖွဲ့အစည်းများ၏ ဥပဒေအသစ်ကို သုံးသပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ ဖွန်လ၌ သထုံမြို့နယ်တွင် ပြုလုပ်ခဲ့ပါသည်။ ကချင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်များနှင့် ရန်ကုန်၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးများမှ တက်ရောက်လာသော ရပ်ကျေး အရပ်ဘက်ပူးပေါင်းအဖွဲ့က ကျွမ်းကျင်သူများနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ (ACCD) ၏ အဖွဲ့ဝင်ကွန်ရက်များမှ တက်ရောက်လာသူ စုစုပေါင်း (၃၅) ဦး တို့သည် တတိယအကြိမ် ပြင်ဆင်ပြီးသည့် ဥပဒေသည် "မည်၍ မည်မျှ ကောင်းမွန် တိုးတက်လာသည်ကို" ထုတ်ဖော် ပြောဆိုခဲ့ကြပါသည်။ သို့သော်လည်း ရှင်းလင်း တိကျမှု မရှိသေးသည့် လုပ်ထုံးလုပ်နည်းများသည် ရွေးကောက်ပွဲ အငြင်းပွားနိုင်မှုများနှင့် စိတ်ရှုပ်ထွေးမှုများ ပေါ်ပေါက်လာရန် ဖြစ်နိုင်ခြေ များနေသည်ဟု သုံးသပ်ခဲ့ကြသည်။ အရပ်ဘက်လူထု အဖွဲ့အစည်းများက တင်ပြခဲ့သော အကြံပြုချက်များကို ထင်ဟပ်ခဲ့သည့် ဥပဒေပြင်ဆင်မှုတချို့မှာ အုပ်ချုပ်ရေးမှူးများကို နေထိုင်သူပြည်သူများမှ တိုက်ရိုက်မဲပေး ရွေးချယ်ခြင်းစနစ် (ယခင် ၁၀ အိမ်စုများမှ တစ်ဆင့်ခံ ရွေးချယ်ခြင်းစံနစ်ကို ပယ်ဖျက်ခြင်း)၊ မဲပေးပိုင်ခွင့်ရှိသူများတွင် "အိမ်ထောင်စု တစ်ခု၏ အိမ်ထောင်ဦးစီး၊ သို့မဟုတ် အသက် (၁၈) နှစ် ပြည့်ပြီး မိသားစုဝင် တစ်ဦးဦး" ဟူသည်ကို ထပ်မံ ဖြည့်စွက်ခြင်း၊ ပြစ်မှုပြစ်ဒဏ်အခန်းရှိ ညအိပ်ဧည့်သည်များ ဧည့်စာရင်း မတိုင်လျှင် အပြစ် ဒဏ်ကျခြင်းနှင့် ဒဏ်ပေးမှုကို ပယ်ဖျက်ခြင်း၊ ကိုယ်စားလှယ်လောင်းများ၏ ပညာရေးလိုအပ်ချက် ကန့်သတ်ထားမှုနှင့် ကျန်းမာရေးကောင်းမွန်ရမည် ဟူသော ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ခြင်း၊ ခန့်အပ်ထားသော ခရိုင်အဆင့်အုပ်ချုပ်ရေးမှူးများမှ ရွေးချယ်တင်မြှောက်ခံ အုပ်ချုပ်ရေးမှူးများ ZအပေါZ ကျင့်သုံးသောအာဏာနှင့် လွှမ်းမိုးမှုအချို့ကို ပယ်ဖျက်ခြင်း အစရှိသည်တို့ ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ၊အရပ်ဘက်လူထုအဖွဲ့အစည်းများမှပြင်ဆင်ရန်တင်ပြထားသည့်အရေးကြီးသည့်အကြံပြုချက်များ ဖြစ်သော လူတိုင်း မဲပေးပိုင်ခွင့်၊ မနှစ်သက်လျှင် ဖြုတ်ချပိုင်ခွင့်၊ အရည်အချင်း ပြည့်စုံသော ကိုယ်စားလှယ်လောင်း ဆိုသည်မှာ "၎င်း၏ မိသားစု အဖွဲ့ဝင်များသည် အကျင့် စာရိတ္တ ကောင်းမွန်ပြီး ရိုးသား ဖြောင့်မတ်ရမည်" ဟူသော ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန်၊ ရွေးကောက်ပွဲများကျင်းပခြင်းနှင့် ကြေညာခြင်းများကို အချိန်ဇယားဖြင့် လူသိရှင်ကြားထုတ်ပြန်အသိပေးရန် တာဝန်ပေးခြင်း၊ ဒေသန္တရ ရွေးကောက်ပွဲများအား ကြီးကြပ်ရန် ကိစ္စအား ကြီးကြပ်ရေးအဖွဲ့အစား ပြည်ထောင်စုရွေးကော က်ပွဲကော်မရှင်သို့ အာဏာလွှဲပြောင်းပေးရန် အစရှိသည် တို့ကို ပါဝင်ပြင်ဆင်ခြင်း မပြုခဲ့ပါ။ ထို့အပြင် မရှင်းလင်းလှသော လုပ်ထုံးလုပ်နည်းများသည် ရွေးကောက်ပွဲ အငြင်းပွားမှုများနှင့် စိတ်ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာရန်အတွက် ကြီးမားသော ဖြစ်နိုင်ခြေများအဖြစ် ကျန်ရှိနေသည်။ သို့ဖြစ်၍ ပြဿနာများ ဆက်လက် ကျန်ရှိနေဆဲ ဖြစ်နေရကာ၊ အရပ်ဘက်

လူထုအဖွဲ့အစည်း လုပ်ရှားသူများအနေဖြင့် ရွေးချယ်ခံအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်မှုကိုစောင့်ကြည့်လေ့လာခြင်း၊ မဲဆန္ဒရှင်ပြည်သူကို အသိပညာ ပေးခြင်း၊ ပြည်သူများ၏ အမြင်သဘောထားများကို ထုတ်ပြန်အစီရင်ခံခြင်း၊ မူဝါဒနှင့် ဥပဒေ ပြောင်းလဲမှုများအတွက် နှီးဆော်တိုက်တွန်းခြင်းတို့ကို ဆက်လက် လုပ်ဆောင်နေကြရပါလိမ့်မည်။

ဤအကျဉ်းချုပ်စာတမ်းပါ အကြောင်းအရာများသည် အရပ်ဘက် လူထုအဖွဲ့အစည်းများ၏ ကနဦး ဆောင်ရွက်ချက် အမျိုးမျိုးမှ တင်ပြဆွေးနွေးထားသော သုံးသပ်ချက်များနှင့် အကြံပြုချက်များ အပေါ် အခြေခံထားပြီး ရှေ့တွင်တင်ပြခဲ့သော ရပ်ကျေးအရပ်ဘက်ပူးပေါင်းအဖွဲ့၏ ဦးဆောင်အဖွဲ့အစည်း တစ်ခုဖြစ်သည့် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ (ACDD) နှင့် မိတ်ဖက် အဖွဲ့အစည်း ရှေ့ပြေးအသံအဖွဲ့ (Progressive Voice) တို့က စုစည်းတင်ပြပေးထားခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစာတမ်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေနှင့် စပ်လျဉ်း၍ ဒေသန္တရအခြေခံ ဒီမိုကရေစီ၊ ရပ်ရွာအခြေပြု ကိုယ်စားပြုမှုနှင့် ပြည်သူ ပါဝင်မှုတို့အပေါ် လူထုအသိုင်းအဝန်း၏ စိုးရိမ်မှုများ၊ အမြင် ခန့်မှန်းချက်များနှင့် အကြံပြုချက်များကို ဖော်ထုတ်ခြင်း အပြင် အုပ်ချုပ်မှုစနစ်နှင့် ဒေသန္တရအုပ်ချုပ်ရေး၏ ကျယ်ပြန့်သော ယန္တရားပုံစံအတွက် စာတမ်း၏ ရပ်တည်ချက်ကိုသော်လည်းကောင်း ညွှန်းဆိုထားခြင်းဖြစ်ပေသည်။ ဤစာတမ်းသည် လူထုအသိုင်းအဝန်း၏ အသံများ၊ ရပ်ကျေးအရပ်ဘက်ပူးပေါင်းအဖွဲ့၏ အားထုတ်မှုများ၏ ရလဒ် တစ်ရပ်ဖြစ်ပြီး အောက်ခြေလူထုအဆင့်တွင် အခြေခံ ကျကျ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးစားမှု တစ်ရပ် ဖြစ်ပါသည်။

# ဥပဒေပြင်ဆင်ခြင်း

## လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်

အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးစာချုပ်၏ အပိုဒ် ၁၂[8] တွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို အလေးထား ဖော်ထုတ်ထားပြီး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၁၃ တွင် လည်း "လူတိုင်းသည် လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်မှုအတွက် အခွင့်အရေး ရှိသည်ဖြစ်ပြီး နိုင်ငံတစ်ခု ချင်းစီ၏ နယ်နိမိတ်များ အတွင်း အခြေချ နေထိုင်ပိုင်ခွင့်ရှိသည်။"[9] ဟု ဖော်ပြထားပါသည်။

ဧည့်စာရင်းတိုင်ခြင်းနှင့် ပတ်သက်သော ဥပဒေကို ပြင်ဆင်မှု တစ်ချို့ ပြုလုပ်ထားပြီးသော်လည်း လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် ပတ်သက်၍ ဆက်လက် ဆွေးနွေးသင့်သေးသည့် ထင်ရှားသော ကိစ္စရပ်များ ရှိနေပါသေးသည်။ ဧည့်စာရင်း မတိုင်ခြင်း အပေါ် ပြစ်ဒဏ်ချမှတ်မှု ပယ်ဖျက်ခြင်းကို ကြိုဆိုရမည်ဖြစ်သော်လည်း ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်အတွင်း နေထိုင်သူများသည် ၎င်းတို့ အိမ်တွင် တစ်လ သို့မဟုတ် တစ်လအထက် ပိုနေထိုင်သူများ ရှိပါက အာဏာပိုင်များထံသို့ သတင်းပေး၍ ဧည့်စာရင်းတိုင်ရန် လိုအပ်နေဆဲ ဖြစ်သည်။[10] ယခင်ကဆိုလျှင် အရပ်ဘက် လူထုအဖွဲ့အစည်းဝင်များနှင့် နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများအပေါ် စောင့်ကြည့်ရေး လက်နက်တစ်ခုအဖြစ် ဧည့်စာရင်းတိုင်ခြင်းကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး တပြိုင်တည်းမှာပင် သာမန်လူထုဘဝ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကို

8 International Covenant on Civil and Political Rights (ICCPR), Article 12. Available at http://www.ohchr.org/EN/ProfessionalInterest/Pages/CCPR.aspx

9 International Declaration of Human Rights (UDHR), Article 13. Available at http://www.un.org/en/universal-declaration-human-rights/

10 Ward and Village Tract Administration Law, Chapter IX. Section 17.

ထိပါးစေကာ လွတ်လပ်စွာလှုပ်ရှားသွားလာမှု အပေါ်တွင်လည်း ကန့်သတ်မှု ဖြစ်စေခဲ့ပါသည်။[11] ညတစ်ညတာ နေထိုင်သူ မည်သည့်ဧည့်သည်မဆို မဖြစ်မနေ ဧည့်စာရင်းတိုင်ရမည်၊ ထိုသို့မတိုင်လျှင် လက်ခံသူအိမ်ရှင် အနေဖြင့် ပြစ်ဒဏ် ကျရောက်နိုင်သည့် မူလဥပဒေကို ယခု အသစ် ပြင်ဆင်လိုက်ခြင်းသည် အပေါင်းလက္ခဏာဆောင်သော တိုးတက်မှု တစ်ရပ် ဖြစ်ခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဧည့်စာရင်းတိုင်ရန် လိုအပ်နေသေးခြင်းသည် ကန့်သတ်ခြင်းကို ဆက်ဖြစ်နေစေပြီး အများပြည်သူ၏ ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို ထိပါးရန်အတွက် အသုံးပြုနေနိုင်ဆဲ ဖြစ်သည်။ သို့ဖြစ်၍ ဧည့်စာရင်းတိုင်ခြင်းနှင့် ပတ်သက်သော ဥပဒေပုဒ်မ အားလုံးကို ပယ်ဖျက်ပစ်ရန် လိုအပ်နေဆဲဖြစ်သည်။ ထို့အပြင် ရွာများစွာတို့၌ မွတ်ဆလင်ကင်းမဲ့ဇုံအဖြစ် ကြေငြာနေခဲ့ကြခြင်း၊ မွတ်ဆလင်များ ဝင်ရောက်ခြင်း၊ ယာယီ နေထိုင်ခြင်း၊ အမြဲ နေထိုင်ခြင်းတို့ကို တားမြစ်မှုများ ရှိနေသကဲ့သို့ လွတ်လပ်စွာ သွားလာခွင့်နှင့် ပတ်သက်သော လူနည်းစု အခွင့်အရေးများနှင့် ပတ်သက်၍ စိုးရိမ်ပူပန် ဖွယ်ရာများ ဆက်လက်ရှိနေဆဲ ဖြစ်သည်။[12]

## ရွေးချယ်ခြင်း လုပ်ထုံးလုပ်နည်းများ

အစိုးရဌာနများနှင့် ယန္တရားများတွင် ပါဝင်ရန် ရွေးချယ်ခံပိုင်ခွင့် နှင့် ရွေးချယ်ပေးပိုင်ခွင့်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၁[13] နှင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး စာချုပ် အပိုဒ် ၂၅[14] တွင် ဖော်ပြထားပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို သုံးကြိမ်တိုင်တိုင် ပြင်ဆင်ခဲ့ပြီးသော်လည်း မှန်ကန်သော ဒီမိုကရေစီ ဖြစ်စဉ်အတွက် ပြဿနာများ ဖြစ်စေနိုင်သေးသော ဥပဒေပုဒ်မများ၊ စည်းကမ်း သတ်မှတ်ချက်များ ပါဝင်နေဆဲဖြစ်သည်။ ဥပမာ တစ်ခုမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ရွေးချယ် တင်မြှောက်ရန် ကြီးကြပ်ရသော ကြီးကြပ်ရေးမှူးအဖွဲ့ကို ဖွဲ့စည်းရာတွင် အာဏာ အပြည့်အဝ အရှိဆုံးသူမှာ မြို့နယ်အုပ်ချုပ်ရေးမှူး ဖြစ်နေသည်။ ဥပဒေပုဒ်မ (၆) အရ "မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော ရပ်ကွက်ကျေးရွာအုပ်စု အတွင်းရှိ ရပ်မိရပ်ဖလူကြီး (၅) ဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။" ဟု ဖော်ပြထားသည်။ သို့သော် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပြည်သူက ရွေးချယ်မှု ခံထားရသူ မဟုတ်ဘဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခန့်အပ်ထားသူ ဖြစ်နေပေသည်။ ထို့အပြင် ကြီးကြပ်ရေးအဖွဲ့တွင် ရပ်မိရပ်ဖလူကြီးများကိုသာ ရွေးချယ်ရမည် ဟူသော စည်းကမ်းသတ်မှတ်ချက်သည် ရပ်ရွာအသိုင်းအဝိုင်းရှိ လူငယ်များအား ဘေးဖယ်ထားသကဲ့သို့ ဖြစ်သော ပြဿနာ ရှိနေပါသည်။ ထို့အပြင် ကြီးကြပ်ရေးအဖွဲ့ကိုလည်း ကာလ သက်တမ်း အတိအကျ သတ်မှတ်ထားခြင်း မရှိချေ။

> "ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေကို 'ရွေးချယ်တင်မြှောက်ခံရတဲ့' အုပ်ချုပ်သူတွေအဖြစ် ဆက်ဆံဖို့ လိုပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ဝန်ထမ်းပုံစံလိုမျိုး မဆက်ဆံသင့်ဘူး။" (ပဲခူးတိုင်းဒေသကြီးမှ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦး)

---


11 "Midnight Intrusions: Ending Guest Registration and Household Inspections in Myanmar," Fortify Rights, March 2015. Available at http://www.fortifyrights.org/downloads/FR_Midnight_Intrusions_March_2015.pdf

12 "Persecution of Muslims in Burma," Burma Human Rights Network, 5 September, 2017. Available at https://progressivevoicemyanmar.org/2017/09/05/bhrn-report-persecution-of-muslims-in-burma/

13 UDHR, Article 21.

14 ICCPR, Article 25.

နောက်ထပ် ပြဿနာတစ်ခုမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ရွေးချယ်သည့် လုပ်ထုံးလုပ်နည်းသည် ရှုပ်ထွေးပြီး အချိန်ယူရသော ကိစ္စဖြစ်ကာ ရှင်းရှင်းလင်းလင်း မရှိလှသော စာပိုဒ်များ၊ ပုဒ်မများ အပေါ် နားလည် ကောက်ယူမှု လွဲမှားနိုင်ခြင်းကြောင့် ရွေးကောက်ပွဲ အငြင်းပွားမှုများနှင့် ဥပဒေ ချိုးဖောက်ခြင်းများ ပေါ်ပေါက်နိုင်ပါသည်။ ယခု လက်ရှိ ဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များအရ ရပ်ကွက်၊ ကျေးရွာများတွင် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီးသည့်နှင့် (၁၀) အိမ်ထောင်စုဖွဲ့မှုတစ်ခုမှ ဆယ်အိမ်မှူး တစ်ဦးကို "အများဆန္ဒနှင့်အညီ" ရွေးချယ် ပေးရပါသည်။ ဆယ်အိမ်မှူး (၁၀) ဦးထဲမှ တစ်ဦးကို ရာအိမ်မှူးအဖြစ် "အများဆန္ဒနှင့်အညီ" ထပ်မံ ရွေးချယ်ရပါသည်။ ရာအိမ်မှူးများထဲမှ တစ်ဦးကို "လျှို့ဝှက်မဲပေးစနစ်" နှင့် ရွေးချယ်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဖြစ်လာစေပါသည်။ အကယ်၍ ကျေးရွာအုပ်စုထဲတွင် ကျေးရွာ တစ်ရွာထက် ပိုများနေပါက ကျေးရွာအုပ်စုထဲရှိ ရွာတိုင်းတွင် တာဝန်ခံ တစ်ဦးစီ ရွေးချယ်နိုင်ပါသည်။ ထို့ပြင် ဆယ်အိမ်စုမှူး သို့မဟုတ် ရာအိမ်မှူးများထဲမှ "အများဆန္ဒနှင့်အညီ" တာဝန်ခံ တစ်ဦးကို ရွေးချယ်ကာ ကျေးရွာခွဲများ၏ ကျေးရွာ တာဝန်ခံနေရာများကို ဖြည့်စွက်ပါသည်။[15]




ရွေးကောက်ပွဲဖြစ်စဉ် အဆင့်ဆင့်တွင် ပြဿနာ (၂) ခု ရှိနေပါသည်။ တစ်ခုမှာ "အများဆန္ဒဖြင့်" ရွေးချယ်ရမည် ဆိုသည့်စကားဖြစ်ပြီး တမင်သက်သက် ရည်ရွယ်၍ ပြည်သူများအကြား ဝေဝါးအောင် လုပ်ထားကာ ယခင် စစ်အာဏာရှင်များ အဆက်ဆက်ကလည်း တဖက်သတ် အုပ်ချုပ်နိုင်အောင် ထိုအသုံးအနှုန်းမျိုးကို အစဉ်အလာ သုံးခဲ့ကြသည် ဖြစ်ခြင်းကြောင့် ဥပဒေမှ ဖယ်ရှားသင့်ပါသည်။ ဒုတိယပြဿနာမှာ အိမ်ထောင်စု တစ်ခုမှ မဲပေးခွင့် အသက်အရွယ်ရှိသောသူ အားလုံးထက်စာလျှင် အိမ်ထောင်စုအကြီးအကဲဖြစ်သူ တစ်ဦးကသာ မဲပေးပိုင်ခွင့်ရှိနေခြင်း ဖြစ်သည်။ ဤအချက်သည် ပြည်သူ အရေအတွက် တော်တော်များများကို မဲပေးခွင့်မှ ဖယ်ရှားပစ်လိုက်ရုံ သာမက

15 Ward and Village Tract Administration Law, (Amended 2016) Chapter IV, Section 7.

အိမ်ထောင်စုအတွင်း၌ ကျား၊ မ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ပြဿနာ အကြောင်းအရာတစ်ရပ် ဖြစ်လာစေပါသည်။ အမျိုးသမီးများ၏ အိမ်ထောင်ဦးစီးဖြစ်ခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာ သက်ရောက်မှုများ အတွက် ဤစာတမ်းအကျဉ်း အနေဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြထားခြင်း မရှိသော်လည်း မြန်မာပြည်တွင် အိမ်ထောင်ဦးစီးများသည် ပုံမှန်အားဖြင့် ယောကျ်ားများသာ ဖြစ်ပြီး အမျိုးသမီးများကို ဖယ်ထုတ်ထားမှု ကြီးမားလှ ပါသည်။

ဒီမိုကရေစီဖြစ်စဉ်နှင့် ပတ်သက်၍ နောက်ထပ်ပြဿနာ တစ်ခုမှာ ရွေးကောက်ပွဲ အချိန်ဇယား ရှင်းလင်းမှု မရှိလှဘဲ ပြည်သူလူထုမှာ ရွေးကောက်ပွဲ ဖြစ်စဉ်၏ အချိန်စာရင်းကို မသိရှိနိုင်သောကြောင့် ၎င်းတို့၏ ပူးပေါင်း ပါဝင်ခွင့်ကို ကန့်သတ်သလို ဖြစ်စေပါသည်။ ရွေးကောက်ပွဲ အောင်နိုင်ရေး နှိုးဆော်မှုများအပေါ် သုံးစွဲမှု ကန့်သတ်ခြင်း၊ ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအတွက် ဘဏ္ဍာငွေရှာဖွေဖြင်း၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုနှင့် အမုန်းစကား ပြောဆိုခြင်းတို့ကို ဖြစ်စေသည့် လှုံ့ဆော်မှုများ၊ ရွေးကောက်ပွဲ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းမှုယန္တရား အစရှိသည်တို့ အပါအဝင် ရွေးကောက်ပွဲ ကိစ္စ အရပ်ရပ်များကို ဒေသန္တရ ရွေးကောက်ပွဲ ကျင်းပရေး ဝန်ထမ်းများ၊ ဖြစ်နိုင်ချေရှိသော ကိုယ်စားလှယ်လောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ၊ အရပ်ဘက် လူထုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လိုသူများ၊ သတင်းမီဒီယာနှင့် ကျယ်ပြန့်သော လူထုအနေဖြင့် လုံလုံလောက်လောက် ပြင်ဆင်ရန်အတွက် အခွင့်အလမ်း ကင်းမဲ့နေရပါသည်။ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲဖြစ်စဉ်အတွက် ထိုသို့ အဓိကကျသော ကိစ္စရပ်များ မပါဝင်နေခြင်းသည် ဥပဒေကို ရှင်းရှင်းလင်းလင်း တိတိကျကျ မဖြစ်စေယုံ သာမက လိုသလို ဘာသာပြန်နိုင်စေခြင်းနှင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ တစ်ခုအတွက် အခြေခံစံများ ကင်းမဲ့နေစေခြင်းကို ဖြစ်စေပါသည်။[16] မြို့နယ်ရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်း ပြုစုခြင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်ခြင်းတို့အတွက် စွမ်းဆောင်ရည်၊ လုပ်ပိုင်ခွင့်နှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအတွက် အဖြေရှာရေး ယန္တရားလည်း ရှိထားပြီး ဖြစ်သည်။ သို့ဖြစ်၍ အနာဂတ် ရွေးကောက်ပွဲများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောက်တွင်ထားသည်ဖြစ်စေ မထားသည်ဖြစ်စေ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်မှုကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်များကို သုံးသင့်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ လွှဲပြောင်းခြင်း သို့မဟုတ် နိုင်ငံတော်အဆင့်ထက် နိမ့်သော ရွေးကောက်ပွဲများအတွက် သီးသန့် ရွေးကောက်ပွဲ ကော်မရှင်အသစ်၏ အောက်တွင် စီမံခန့်ခွဲစေလျက် ဆောင်ရွက်သင့်သည်။

## ကိုယ်စားလှယ်လောင်းများ၏အရည်အသွေးသတ်မှတ်ချက်

အခန်း (၃)၊ ဥပဒေပုဒ်မ (၅) ၌ ဖော်ပြထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် လိုအပ်သော အရည်အချင်းများနှင့် ပတ်သက်၍ အရပ်ဘက် လူထုအဖွဲ့အစည်းများ၏ အကြံပြုချက် တချို့ကို ထည့်သွင်း ပြင်ဆင် ထားပြီးသော်လည်း ယေဘုယျဆန်သော စာပိုဒ်များ ဆက်လက် ပါဝင်နေဆဲ ရှိနေပေသည်။

တတိယအကြိမ်ပြင်ဆင်မှုတွင် ရွေးချယ်ခံနိုင်သော အရည်အချင်းများနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာ အချက်များကို ပြင်ဆင်ခဲ့ရာတွင် "စားဝတ်နေရေး ဖူလုံပြည့်စုံသူ တစ်ဦးဖြစ်ရမည်" ဟူသော ပြဋ္ဌာန်းချက်ကို ပယ်ဖျက် ခဲ့ခြင်းကြောင့် ဝင်ငွေ နည်းပါးသူများအတွက် အခွင့်အလမ်း ပိုမိုရရှိစေခဲ့ပြီး၊ "ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်" ဆိုသည်ကိုပါ ပယ်ဖျက်နိုင်ခြင်းကြောင့် မသန်စွမ်းသူများအတွက် မျှတသော အခွင့်အလမ်းများကို ဖန်တီး ပေးနိုင်ခဲ့ပါသည်။

16 လူတိုင်းသည် တိုက်ရိုက်ဖြစ်သော သို့မဟုတ် လွတ်လပ်စွာ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များမှ တဆင့်ဖြစ်စေ သူ၏ တိုင်းပြည်အစိုးရတွင် ပါဝင်ပိုင်ခွင့်ရှိသည်။ ပြည်သူ၏ ဆန္ဒသည် အစိုးရတစ်ရပ်၏ လုပ်ပိုင်ခွင့် အာဏာအတွက် အခြေခံဖြစ်စေရမည် ဖြစ်ပြီး အားလုံး တပြေးညီ၊ တန်းတူမဲပေးပိုင်ခွင့်ဖြင့် အချိန်ကာလ အလိုက် ပြုလုပ်သော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် လျှို့ဝှက်မဲပေးခြင်း သို့မဟုတ် လွတ်လပ်သော အလားတူ မဲပေးနည်းစံနစ်များဖြင့် မဲပေးခြင်းတို့ဖြင့် ဖော်ပြစေရမည်။ (အပိုဒ်၊ ၂၁ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၊ ၁၉၄၈ခုနှစ်)

ပြင်ဆင်ချက်တွင် ပညာရေးသတ်မှတ်ချက်ကိုပါ ပယ်ဖျက်ခဲ့ရာ ထိုအချက်သည် အရပ်ဘက် လူထုအဖွဲ့အစည်းများ၏ အကြံပြုတင်ပြချက်တွင် ဦးစားပေး တင်ပြချက်ဖြစ်ခဲ့ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုများတွင် နေထိုင်မှုသက်တမ်း ၁၀ နှစ် ရှိရမည်ဆိုသည်ကို ၅ နှစ် အထိ လျှော့ချ နိုင်ခဲ့ပါသည်။

သို့ပါသော်လည်း ပြဿနာဖြစ်စေနိုင်သည့် သတ်မှတ်ချက်များ ရှိနေပါသေးသည်။ ဥပမာအားဖြင့် "အုပ်ချုပ်ရေးမှူး ကိုယ်စားလှယ်လောင်း၏ မိသားစုဝင်များသည် အကျင့်သိက္ခာ ကောင်းမွန်၍ ရိုးသားဖြောင့်မတ်သူများ ဖြစ်ရမည်"[17] ဟု ဆိုပါသည်။ ရိုးသားမှုရှိခြင်း၊ ဖြောင့်မတ်ခြင်း အစရှိသော စကားလုံးများသည် လွယ်ကူစွာ ရှင်းလင်းရန် သို့မဟုတ် တိုင်းတာရန် မဖြစ်နိုင်ဘဲ ထင်ရာမြင်ရာ လိုသလို ပုံစံဖြင့် အဓိပ္ပာယ် ဖွင့်နိုင်သလို ဖြစ်နေသည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးများ အနေဖြင့် အနည်းဆုံး အသက် ၂၅ နှစ်ဖြစ်ရမည်ဆိုသော အရည်အချင်း သတ်မှတ်ချက် နောက်တစ်ခုမှာလည်း လူငယ်ထု အများစုကို မပါဝင်နိုင်အောင် တမင်ရည်ရွယ် လုပ်နေသကဲ့သို့ ဖြစ်သည်။

## တာဝန်ယူမှု၊ တာဝန်ခံမှု

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ၎င်းတို့ကိုယ်စားပြုရမည့် လူထုအသိုင်းအဝန်းအပေါ် တာဝန်ယူမှု တာဝန်ခံမှုနှင့် ပတ်သက်၍လည်း ဥပဒေထဲတွင် ပြဿနာများ ရှိနေပါသေးသည်။ ခန့်အပ်ခြင်း ခံထားရသော မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရွေးချယ်တင်မြှောက်ခံထားရသော ကျေးရွာအုပ်ချုပ်ရေးမှူးများကို တဖက်သတ် သို့မဟုတ် လိုအပ်လျှင် "စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့်"[18] စုံစမ်း စစ်ဆေးပြီး တာဝန်မှ ရပ်စဲနိုင်သည်၊ ဖြုတ်နိုင်ပါသည်။ ဤဥပဒေအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် စစ်တပ်ကို အကြွင်းမဲ့ တာဝန်ခံရသော၊ ရွေးကောက် တင်မြှောက် မထားသည့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခန့်အပ်ထားသူ မြို့နယ်အုပ်ချုပ်ရေးမှူးကို တာဝန်ခံရသည့် အနေအထားသို့ ရောက်စေသည်။ ထို့အပြင် လူထုမှ အုပ်ချုပ်ရေးမှူးများကို နှုတ်ထွက်ရန် ပြန်လည် တောင်းဆိုနိုင်သည့် လုပ်ထုံးလုပ်နည်းများ သို့မဟုတ် တိုင်တန်းနိုင်သော ယန္တရားများ မရှိနေခြင်းသည် ရပ်ရွာ အသိုင်းအဝန်းအား ထပ်မံ အားလျော့စေပါသည်။ အလားတူပင် စုံစမ်းစစ်ဆေးရေးအဖွဲ့အား မည်သို့မည်ပုံဖွဲ့စည်းမည်ကိုလည်း ရှင်းလင်းမှု မရှိချေ။ တချိန်တည်းမှာပင် တစ်အိမ်တွင် တစ်ယောက်တည်းသာ မဲပေးရသော စနစ်ကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ကိုယ်စားပြုမှုမှာလည်း ရပ်ရွာအတွင်း အားနည်းလှပါသည်။ သို့ဖြစ်သောကြောင့် သူတို့သည် ရပ်ရွာ အသိုင်းအဝန်းတစ်ခုလုံးကို တာဝန်ယူမှု၊ တာဝန်ခံမှု တိုက်ရိုက် မရှိလှဘဲ မြို့နယ်အုပ်ချုပ်ရေးမှူးများဆီသို့သာ တာဝန်ယူမှု၊ တာဝန်ခံမှု စီးဆင်းနေရသည့် ရပ်ရွာဂင်များကို ရွေးချယ် ပေးရသကဲ့သို့ ဖြစ်နေပါသည်။

# ပိုမိုကျယ်ပြန့်သော ယန္တရားဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ သက်ရောက်မှုများ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ပိုမိုကျယ်ပြန့်သော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ ယန္တရား ဆိုင်ရာ၊ ဥပဒေပြုခြင်းဆိုင်ရာ မူဘောင်အတွင်း ထည့်သွင်းရန် အရေးကြီးပါသည်။ ဤဥပဒေ၏ အထင်ရှားဆုံးသော ရှုထောင့်များထဲမှ တစ်ခုမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ပိုင်ခွင့် အာဏာထဲတွင်

17 Ward and Village Tract Administration Law, Chapter III, Section 5.

18 Ward and Village Tract Administration Law, Chapter VIII, Section 15.

တည်ရှိနေရခြင်းဖြစ်ပြီး ထိုဌာနမှာလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ကို ထိန်းချုပ်ခွင့်ပေးထားရသော ဝန်ကြီးဌာန (၃) ခု အနက်မှ တစ်ခုဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် တည်ရှိနေခြင်း ဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် "ကျယ်ကျယ်ပြန့်ပြန့် အလုံးစုံ ပတ်သက် နေသော အုပ်ချုပ်မှု လုပ်ငန်းများကို ရရှိထားပြီး တိုင်းပြည်၏ အစိုးရ အုပ်ချုပ်မှု အဆင့်တိုင်းကို သက်ရောက်နေ သောကြောင့်" တပ်မတော်အား တိုင်းပြည်၏ နေ့စဉ် လည်ပတ်မှုတွင် နေရာအနှံ့ တည်ရှိစေမှုနှင့် လွှမ်းမိုးမှုကို ပေးနေပါသည်။[19] ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအတွင်း ရွေးချယ် တင်မြှောက် ထားခြင်း မဟုတ်ဘဲ၊ သြဇာရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခန့်အပ်ထားသည့် အမြဲတမ်း ရပ်ကွက် သို့မဟုတ် ကျေးရွာစာရေးရာထူး ရှိပါသည်။[20] ယခု ပြင်ဆင်လိုက်သော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေတွင် တွေ့ရသော နောက်ထပ် ရှုထောင့်တစ်ခုမှာ ကျေးရွာတာဝန်ခံများ ထပ်မံ ဖန်တီးထားခြင်း ဖြစ်ပြီး ထိုသူများကို တပ်မတော် လွှမ်းမိုးထားသော ပြည်ထဲရေး ဝန်ကြီးဌာနမှ အိမ်ခြေ ၁၀၀ တိုင်း သို့မဟုတ် ရွာငယ်များတိုင်းသို့ သူတို့ပတ်သက်မှုကို ထိုးဖောက် ရောက်ရှိစေရန် ချဲ့ထွင်သည့် အနေဖြင့် သူတို့၏ အစီအစဉ်များ ဖြစ်မြောက်အောင် အားဖြည့်သည့် အနေဖြင့် သတင်းပေးများအဖြစ် အလွဲသုံးစားပြု အသုံးချဖွယ် ရှိနိုင်ပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို မြို့နယ် အုပ်ချုပ်ရေး အရာရှိဆီသို့ဦးတည်သော တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ရန် ဖြစ်သည်။ မူကြမ်း အဆင့်အဖြစ်သာ ရှိနေသေးပြီး အတည် မပြုသေးသော မြို့နယ်အုပ်ချုပ်ရေးဥပဒေသည်လည်း ဒေသန္တရအဆင့် အစိုးရနှင့် အုပ်ချုပ်မှုတွင် စစ်တပ်၏ အာဏာကြီးသော အခန်းကဏ္ဍကိုသာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် ပိုမို ခိုင်မာစေပါလိမ့်မည်။ သို့ဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးဥပဒေကို တဖြည်းဖြည်း အတည်ပြုသွားသည့်တိုင် ခန့်အပ်ခံဘဝမှ ရွေးချယ်ခံဖြစ်သွားသည်မှ လွဲ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုသာ တာဝန်ခံရမည်ဖြစ်၍ အဆုံးစွန် အာဏာမှာ ပြည်ထဲရေးဝန်ကြီးဌာနမှ တစ်ဆင့် စစ်တပ်ဆီမှာပင် တည်ရှိနေမည် ဖြစ်သည်။ သို့ဖြစ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးကောက်ပွဲ ကျင်းပရေး တာဝန်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သီးခြား လွတ်လပ်သော ရွေးကောက်ပွဲ ကျင်းပရေးဌာန တစ်ခုခုသို့ ရွှေ့ပြောင်းပေးခြင်းဖြစ်စေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအပေါ် စီမံခန့်ခွဲမှုကို အရပ်သားအုပ်ချုပ်မှု အောက်တွင်ရှိသော အုပ်ချုပ်ရေးဌာန အောက်သို့ ရွှေ့ပြောင်းပေးခြင်းဖြစ်စေ ဆောင်ရွက်မှသာလျှင် ဒီမိုကရေစီစံနှုန်းများနှင့် အညီ ဖြစ်လာလိမ့်မည် ဖြစ်သည်။

ဤနေရာတွင် နိုင်ငံတော် အဆင့်ထက် နိမ့်သော အုပ်ချုပ်မှုဆိုင်ရာ အလုံးစုံ ပြုပြင် ပြောင်းလဲမှုကို လိုအပ်နေပါသည်။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံတော် ထူထောင်ရေး ဟူသော အမြင်တစ်ရပ်ဖြင့် လမ်းညွှန်ပေးမည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှု နှင့် အားလုံး ပါဝင်မှုရှိသည့်၊ မူဝါဒများအတွင်း ရေးဆွဲထားသည့် ဒီမိုကရေစီ စံနှုန်းများ အပေါ် တွင် အခြေခံသည့်၊ နိုင်ငံတော် အဆင့်ထက် တစ်ဆင့်နိမ့်သည့် အုပ်ချုပ်မှုအတွက် ကျယ်ပြန့်လွှမ်းခြုံသော မူဘောင် တစ်ရပ် မရှိဘဲ လိုအပ်သလို အာဏာကို ဖြန့်ကျက် လျှော့ချနေခြင်းနှင့် အောက်ခြေအဆင့် အုပ်ချုပ်ရေး ပြောင်းလဲမှုများကို လက်တလောတွင် ဆေးမြီးတိုနည်းဖြင့် လုပ်ဆောင်သလို ဖြစ်နေပါသည်။ အခြေခံကျကျ ပြောင်းလဲမှုများ ဖြစ်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင် ပြောင်းလဲမှုဖြင့် စတင်သင့်ပါသည်။

မြန်မာနိုင်ငံ၏ အစိုးရ အုပ်ချုပ်မှုနှင့် သက်ဆိုင်နေသော အခြားရှိနေသည့် အကြောင်းအရာများမှာ တိုင်းရင်းသား လူမျိုးစုများ၏ ယုံကြည်လိုလားမှုများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့ဖြင့် ဆက်စပ်နေပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေသည် ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ဖြင့် ပြုလုပ်ထားသော အစိုးရနှင့်အုပ်ချုပ်မှု အစိတ်အပိုင်း

19 "Another Piece of the Democratic Puzzle," Progressive Voice, January 2017. https://progressivevoicemyanmar.org/2017/01/20/another-piece-of-the-democratic-puzzle-reform-of-the-administrative-structure-of-myanmar-essential/

20 Ward andVillage Tract Administration Law, Chapter XIV, Section 31.

တစ်ခုမျှသာ ဖြစ်ပါသည်။ စီမံအုပ်ချုပ်မှု အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုတို့၏ ကဏ္ဍများစွာကို ကိုယ်တိုင် အုပ်ချုပ်စီမံနိုင်သည့်၊ အခြေခံကျသော အာဏာများ ခွဲဝေပေးခြင်းများ ပါဝင်သည့် ဖက်ဒရယ်ပုံစံ အုပ်ချုပ်မှုစနစ်မှ တစ်ဆင့် တိုင်းရင်းသားတို့ လိုလား မျှော်မှန်းနေသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တိုင်းရင်းသား တန်းတူညီမျှမှုကို ဖော်ထုတ်သင့်ပါသည်။ ဥပဒေအားဖြင့် ဒီမိုကရေစီနည်းကျ ဖြစ်အောင် ပြင်ဆင် နိုင်သည်ဟု ဆိုစေကာမူ အုပ်ချုပ်မှုပုံစံကို သေချာပေါက် အာဏာ ဖြန့်ကျက်လိုက်နိုင်ဦးမည် မဟုတ်ပါ။ သို့ဖြစ်၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် အစွယ်အပွား ဖြစ်သော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ ပြင်ဆင်ရေးသည် တိုင်းရင်းသား လူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်မှုကို ထူထောင်ပေးနိုင်မည့် ကျယ်ပြန့်သော ဖြစ်စဉ်၏ အစိတ်အပိုင်း တစ်ရပ် ဖြစ်ပါသည်။

> “ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြန်ဆုံး ပြင်ဆင်သင့်ပါတယ်။ နိစ္စဓူဝအုပ်ချုပ်ရေးကို ပြောရမယ် ဆိုရင် ဖွဲ့စည်းပုံဥပဒေရဲ့ ပုဒ်မ ၂၈၈ က ပြဿနာ လာဖြစ်နေတယ်။ ရွေးချယ်ခံ ရပ်ရွာဒေသက အုပ်ချုပ်ရေးမှူးတွေက ခန့်အပ်ခံမြို့နယ်အုပ်ချုပ်ရေးမှူးတွေ ခိုင်းတာ ခေါင်းညိတ်ပြီး လိုက် မလုပ်နိုင်ဘူး။ မြို့နယ်၊ ခရိုင်နဲ့ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးတွေကိုပါ ရွေးချယ် တင်မြှောက်မှ ရမယ်။” - ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီမှ ကိုယ်စားလှယ်တစ်ဦး

ယခုလက်ရှိ ဥပဒေပြုရေးမှုဘောင်အတွင်း လွှတ်တော်နှစ်ရပ်လုံး၏ အမတ်နေရာ ၂၅% ကို အာမခံ ထားပေးရသော လွှတ်တော်အတွင်း တပ်မတော်၏ လွှမ်းမိုးနေမှုသည် ပြင်ဆင်ရေးအတွက် နောက်ထပ် အတားအဆီး တစ်ရပ် ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် လွှတ်တော်နှစ်ရပ်စလုံးတွင် လူထုကြားနာပွဲများ ပြုလုပ်ခဲ့ခြင်း အပါအဝင် အရပ်ဘက် လူထုအဖွဲ့အစည်းများ၏ တိုက်တွန်းချက်များကို ထည့်သွင်း ပြဋ္ဌာန်းခဲ့သော ဤဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဖြစ်စဉ်တွင်လည်း စစ်တပ်ဘက်မှ အခြေခံကျသော အခြေအနေ တိုးတက်မှုကို အားပျော့သွားအောင် အချို့ပြင်ဆင်ချက်များအား ကန့်ကွက်ပြီး တုန့်ပြန်ခဲ့လေသည်။ ဥပမာအားဖြင့် အရပ်ဘက်လူထုအဖွဲ့အစည်းများမှ အကြံပြုချက် အမြောက်အမြား ထည့်သွင်း ရေးဆွဲထားသည့် မူကြမ်းကို အမျိုးသားလွှတ်တော်တွင် အတည်ပြုခဲ့သည့် နောက်ပိုင်း ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးကြပြီးနောက် အငြင်းပွားဖွယ်ရာများ ဖြစ်သော ဥပဒေ အပိုဒ်များကို ပြည်သူ့လွှတ်တော်တွင် မပြင်ဆင်ခဲ့ပါ။ နာမည်ဆိုး အဖြစ်ဆုံးသော ဧည့်စာရင်း တိုင်ကြားခြင်း ပုဒ်မများကို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ချိန်မှာပင် တစ်စုံတစ်ဦး၏ နေအိမ်တွင် ရက် (၃၀) ကျော်လွန်နေပါက မဖြစ်မနေ စာရင်း သွင်းရမည်ဆိုသော ကန့်သတ်ချက်များ ဆက်လက် ရှိနေရခြင်းမှာ တပ်မတော် လွှတ်တော် ကိုယ်စားလှယ်များက ‘လုံခြုံရေး’ အကြောင်းပြ၍ ငြင်းပယ်ချက်များနှင့် စိုးရိမ်မှုများ ဖော်ထုတ်ခဲ့သောကြောင့် ဖြစ်သည်။

## နိဂုံး

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ ပြင်ဆင်ရေးသည် လူထု အသိုင်းအဝန်းများနှင့် နိုင်ငံတော် အကြား မရှိမဖြစ် လိုအပ်သော ဆက်သွယ်မှု တစ်ရပ် ဖြစ်သောကြောင့် အရေးပါပေသည်။ ဒေသန္တရ ရွေးကောက်ပွဲများသည် မြန်မာပြည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အခြေခံ အုတ်မြစ်များ ချရာတွင် မရှိမဖြစ်သော အစိတ်အပိုင်း ဖြစ်သောကြောင့် အဆမတန် အရေးကြီးသကဲ့သို့ ရေရှည် တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရာတွင်လည်း အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ရန်

အလားအလာကိုလည်း ပိုင်ဆိုင်နေပါသည်။ အဆုံးသတ်တွင်မူ ဤဥပဒေကို ပြင်ဆင်ခြင်းသည် တိုင်းပြည်၏ စီမံအုပ်ချုပ်မှုစနစ်ကို ကျယ်ပြန့်သော ပြင်ဆင်မှုများ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သင့်ပါသည်။ မြန်မာတပ်မတော်ကို ကျေးရွာ အဆင့်အထိ အာဏာပေးထားသည့် မြန်မာပြည်တွင် အာဏာ အရှိဆုံး အဖွဲ့အစည်းအဖြစ် ၎င်း၏ ရပ်တည်ရာကို ခြေကုတ်ယူ အမြစ်တွယ်ထားသည့် တပ်မတော်၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အပေါ် အဆုံးစွန် လုပ်ပိုင်ခွင့်ကို အဆုံးသတ်ရေးသည် ဥပဒေပြင်ဆင်ရေးအတွက် သော့ချက်ဖြစ်သည်။ ဤဥပဒေပြင်ဆင်ရေးသည် ဖက်ဒရယ် ဒီမိုကရေစီ အစိုးရ အုပ်ချုပ်ရေးစနစ်ကို ထူထောင်သည့်၊ အာဏာကို အောက်ခြေသို့ ဖြန့်ကျက်သည့်၊ ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ရပ်လည်း အလားတူ ဖြစ်သင့်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ခြင်း အပါအဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြုပြင်ပြောင်းလဲခြင်းသည် မည်သို့ပင်ဖြစ်စေ သာမန်နိုင်ငံသားများ အနေဖြင့် ၎င်းတို့၏ ဒီမိုကရေစီ အခွင့်အရေးများကို ကျင့်သုံးနိုင်မည့် ယန္တရား အဆောက်အအုံနှင့် ဖြစ်စဉ်ကို ဖန်တီးနိုင်ပြီး ဒေသန္တရအဆင့် ဒီမိုကရေစီ၊ တက်ကြွသောနိုင်ငံသား ဖြစ်စေမှုနှင့် ပါဝင်မှုရှိသော ဒေသန္တရအစိုးရ အုပ်ချုပ်မှုများ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးပါလှပေသည်။

# အကြံပြုတိုက်တွန်းချက်များ

## မြန်မာလွှတ်တော်သို့

- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပြင်ဆင်ရေး အပါအဝင် သက်ဆိုင်သောဥပဒေ ပြင်ဆင်ရန်
  - နိုင်ငံသားများ၏ လွတ်လပ်စွာ သွားလာလှုပ်ရှားမှု နှင့် အခြေချ နေထိုင်မှုကို ကန့်သတ်ထားသော သက်ဆိုင်သည့် စည်းမျဉ်းများနှင့် ဧည့်စာရင်းတိုင်ခြင်းနှင့်ဆိုင်သော ဥပဒေပုဒ်မများ အားလုံးကို ဖယ်ရှားရန်၊
  - အိမ်ထောင်ဦးစီးများကသာ မဲပေးရခြင်း မဟုတ်ဘဲ အသက် ၁၈ နှစ်နှင့် အထက် အသက်ပြည့်သူတိုင်း ဒေသန္တရ ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ပေးရန်၊
  - အုပ်ချုပ်ရေးမှူးများ၏ အရည်အချင်း သတ်မှတ်မှုတွင် အနိမ့်ဆုံး အသက် သတ်မှတ်မှုကို ၂၅ နှစ်မှ ၁၈ နှစ်သို့ လျှော့ချပေးရန်၊
  - မိသားစုဝင်များ ရှိသားမှုရှိရမည်၊ ဖြောင့်မတ်ရမည် အစရှိသဖြင့် ပါဝင်နေသည့် ကန့်သတ်မှုဖြစ်စေသော၊ ဒွိဟဖြစ်စေသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများဖြစ်ရန် အရည်အချင်း သတ်မှတ်ချက်များအားလုံးကို ဖြုတ်ပစ်ရန်၊
  - ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ရွေးချယ်သည့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်များကို အရိုးရှင်းဆုံး ဖြစ်အောင် လုပ်ဆောင်ရန်နှင့် ဤလုပ်ထုံးလုပ်နည်းများကို ပြည်သူများအား ကျယ်ပြန့်စွာ ပညာပေးရန်၊
  - ရွေးချယ်ခံ အုပ်ချုပ်ရေးမှူးများအား ပြန်လည် ဖြုတ်ချပိုင်ခွင့်ရှိမည့် လုပ်ထုံးလုပ်နည်းနှင့် စံသတ်မှတ်ချက်များကို ဖော်ဆောင်ပေးရန်၊

- အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်း စွမ်းဆောင်မှုကို စောင့်ကြည့်ရန် အပြင် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများကို လွတ်လပ် တရားမျှတစွာ ကျင်းပနိုင်ရေး၊ စောင့်ကြည့်နိုင်ရေးအတွက် အရပ်ဘက် လူထုအဖွဲ့အစည်းများနှင့် ပွင့်လင်းစွာ ပူးပေါင်း ဆောင်ရွက်ရန်၊
- စနစ်တကျဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ ကျယ်ပြန့်စွာ မဲဆန္ဒရှင် ပညာပေးမှုများကို အရပ်ဘက် လူထု အဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့် လုပ်ဆောင်ရန်၊
- ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများ အားလုံးအတွက် ကိုယ်စားပြုမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုကို သေချာမှုရှိစေရန်၊ နှင့်
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခန့်အပ်မည့် အစား မြို့နယ်အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းအတွက် ရွေးကောက်ပွဲ ဖြစ်စဉ် တစ်ရပ်ကို ထူထောင်ရန်။

## ပြည်ထဲရေးဝန်ကြီးဌာနသို့

- ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအား လတ်တလော ပြင်ဆင်ထားမှုများကို အခြေခံပြီး နည်းဥပဒေများအား အလျင်အမြန် ထုတ်ပြန်ပေးရန်၊
- ရွေးကောက်ပွဲ အချိန်ဇယားနှင့် ပတ်သက်သည့် ရှင်းလင်း၍ အလွယ်တကူ ရယူနိုင်သော သတင်းနှင့် ဥပဒေပုဒ်မများ ထုတ်ပြန်ပေးရန်၊
- ရွေးကောက်ပွဲ အောင်နိုင်ရေး လှုံ့ဆော်ရေး အပါအဝင် ရွေးကောက်ပွဲများကို ကြီးကြပ်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲ ဆပ်ကော်မရှင်များနှင့် အတူ လုပ်ဆောင်ရန်၊
- အုပ်ချုပ်ရေးမှူးများ၏ စွမ်းဆောင်မှုကို စောင့်ကြည့်ရန် အပြင် အုပ်ချုပ်ရေးမှူးများအတွက် လွတ်လပ် တရားမျှတစွာ ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေး၊ စောင့်ကြည့်နိုင်ရေးအတွက် အရပ်ဘက်လူထု အဖွဲ့အစည်းများနှင့် ပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်ရန်၊ နှင့်
- တစ်နိုင်ငံလုံး အတိုင်းအတာ ကျယ်ပြန့်စွာ မဲဆန္ဒရှင် အသိပညာပေးမှုကို အရပ်ဖက်လူထု အဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့် စနစ်တကျ လုပ်ဆောင်ရန်။

## မြန်မာစစ်တပ်သို့

- စီမံအုပ်ချုပ်ရေး အပါအဝင် ဖက်ဒရယ် ဒီမိုကရေစီ အစိုးရစနစ်ကို ထူထောင်နိုင်ရန်နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးတို့ ပါဝင်သော အခြေခံကျသည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုတွင် ထိတွေ့ပါဝင်ရန်၊ နှင့်
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အပေါ် ထိန်းချုပ်မှုကို စွန့်လွှတ်ရန်နှင့် အရပ်သား တာဝန်ရှိမှုကို ခွင့်ပြုပေးရန်။

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ

acdd.org@gmail.com

www.facebook.com/acdd.burma

ရှေ့ပြေးအသံအဖွဲ့

info@progressive-voice.org

www.progressivevoicemyanmar.org